# ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)

# အရာထမ်းလောင်း အခြေခံ(အထူး) သင်တန်းအမှတ်စဉ် (၅)

# သင်တန်းဖွင့်ပွဲအခမ်းအနား၌ ပြည်ထောင်စုဝန်ကြီး

# ပြောကြားသည့် မိန့်ခွန်း

ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ၉-၁၀-၂၀၁၇

အားလုံးပဲမင်္ဂလာပါ။

ဒီနေ့ကြွရောက်လာကြတဲ့ ပြည်ထောင်စုရာထူးဝန်အဖွဲ့မှ တာဝန်ခံ အဖွဲ့ဝင်၊ အမြဲတမ်းအတွင်းဝန်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက် မြန်မာပြည်) ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ဌာနကြီးမှူးများ၊ ပါမောက္ခဌာနမှူးများ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မကြာမီ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနတွင် တာဝန်ထမ်းဆောင်တော့မည့် သင်တန်းသူ/သင်တန်းသားဆရာဝန်များနှင့် သွားဖက်ဆိုင်ရာဆရာဝန်များအားလုံး မင်္ဂလာအပေါင်းနဲ့ပြည့်စုံ၍ ကျန်းမာပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။

ဒီနေ့ ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)တွင် ဖွင့်လှစ်မည့် အရာထမ်းလောင်းအခြေခံ(အထူး) သင်တန်းအမှတ်စဉ်(၅) သင်တန်းဖွင့်ပွဲအခမ်းအနားတွင် မိန့်ခွန်းပြောကြားခွင့်ရသည့်အတွက် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း ကနဦးပြောကြားလိုပါတယ်။ ဆရာတို့ဟာ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှာ တာဝန်ထမ်းဆောင် ကြမည့်ဝန်ထမ်းများဖြစ်ပါတယ်။ ဆိုလိုတာကတော့ ဆရာတို့သည် ဝန်ကြီးဌာနနှင့် မိသားစုဝင်များသဖွယ်၊ သွေးရင်းသားရင်းများသဖွယ် ဖြစ်လာမည်ဆိုတာ ပြောကြားလိုပါတယ်။ အခုသင်တန်းမှာ

ဆေးပညာ ဘွဲ့ရ (၅၀၈) ဦးနှင့် သွားဘက်ဆိုင်ရာ ဆေးပညာဘွဲ့ (၁၃၅)ဦး စုစုပေါင်း (၆၄၃)ဦးတို့ တက်ရောက်မည်ဟုသိရပါတယ်။ ဆရာတို့ဟာ မကြာခင်ကာလမှာ ကျန်းမာရေးစနစ်ကြီးတစ်ခုလုံးကို ဦးဆောင်တဲ့ပုဂ္ဂိုလ်များ လည်းဖြစ်လာကြမှာဖြစ်ပါတယ်။ ယခုလက်ရှိ လုပ်ငန်းဆောင်ရွက် နေကြတဲ့ပုဂ္ဂိုလ်များ သက်ပြည့်ပင်စင်ယူသွားတဲ့အခါမှာ ဆရာတို့ဟာ သူတို့နေရာမှာ အစားထိုးဝင်ရောက်ကြရမှာဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ဆရာတို့ဟာ ဘက်စုံတော်ဖို့လိုအပ်ပါတယ်။ အဓိကကတော့ ပြည်သူ့ဝန်ထမ်းဆရာဝန်အနေနဲ့ ပြည်သူကို အလုပ်အကျွေးပြုရမှာဖြစ်ပါတယ်။ အခုလို ပြည်သူကို အလုပ်အကျွေးပြုမယ့်ဆရာဝန်များကို မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ ထပ်မံနှုတ်ခွန်းဆက်သအပ်ပါတယ်။ ယခုသင်တန်းမှာ အရာထမ်းများအနေဖြင့် သိသင့်သိထိုက်သည့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ အဓိကလုပ်ငန်းများအပြင် အုပ်ချုပ်ရေး၊ ဘဏ္ဍာရေးနှင့် ရုံးလုပ်ငန်းကိစ္စရပ်များကို သင်ကြားပို့ချပေးသွားမှာ ဖြစ်ပါတယ်။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ လာရောက်ပို့ချမည့်ဆရာများကိုလည်း သင်ကြားပို့ချရာတွင် အချိန်ပြည့်မသင်ဘဲ၊ သင်တန်းသားများမှ ပြန်လည်မေးမြန်းသည်ကို ပြောကြားရှင်းလင်းရန်အတွက် အနည်းဆုံးအချိန် (၅)မိနစ်မှ (၈)မိနစ်ခန့်ယူရန် မှာကြားထားပါကြောင်း။ ဘာကြောင့်လဲဆိုရင် သက်ဆိုင်ရာဆရာတစ်ယောက်ကို အချိန် (၄၅)မိနစ် ပေးထားတယ်ဆိုရင် ဘယ်လိုနည်းနဲ့မှ အဲဒီဆရာက သူ့ရဲ့သက်ဆိုင်ရာဘာသာရပ်ကို နားလည်အောင်မသင်နိုင်ပါဘူး။ (၄၅) မိနစ်မှာ ဆရာက (၃၈)မိနစ်လောက်ပြောပြီး သင်တန်းသားတွေက (၇) မိနစ်လောက် နားမလည်တာကို မေးခွန်းများမေးမြန်းကြပါလို့ ပြောချင်ပါတယ်။ မေးစရာရှိရင် အားမနာတမ်းမေးကြပါ၊ ဝန်ကြီးဌာနမှ လာရောက်သင်ကြားသော

ဆရာများကို ကိုယ့်မိသားစုဝင် အစ်ကိုကြီး၊ အစ်မကြီးများလို သဘောထားပြီး ဆရာတို့အနေနဲ့ ညီငယ်၊ ညီမငယ်လို မေးကြပါ။ ဝန်ကြီးဌာနမှ လာရောက်သင်ကြားတဲ့ဆရာတွေကလည်း အဓိကကျတဲ့ အရေးကြီးတဲ့အချက်တွေကို အလေးပေးပြီးရရှိထားတဲ့ (၄၅)မိနစ် အချိန်မှာ ပို့ချပေးစေလိုပါတယ်။ သင်ကြားတဲ့အခါမှာလည်း အခြေခံတွေကိုသိဖို့က အရေးကြီးပါတယ်။ ဒီနေရာမှာ သင်ကြားပို့ချတယ်ဆိုတာက ရေခဲတုံးကြီးရဲ့အပေါ်ပိုင်း (tip of the iceberg) ကို မြင်ရခြင်းဖြစ်ပါတယ်။ အခြေခံသဘောတရားတွေကို သိရှိဖို့ကမေးမှရမှာဖြစ်လို့မေးကြပါ။

အချို့လုပ်ငန်းများကတော့ လုပ်ရင်းကိုင်ရင်းမှ ပိုမိုသိရှိလာမည်ဖြစ်ပါတယ်၊ မိမိဘဝရှေ့ရေးအတွက် မည်သည့်ဘွဲ့လွန်ပညာရပ်အား တက်ရောက်မည်ကို ယခုထဲက ဆွေးနွေးတိုင်ပင်ကြပါ ။ ဆရာ ဆရာမတွေ၊ မိဘတွေ၊ မိတ်ဆွေတွေနဲ့ တိုင်ပင်ပါ။ clinical ကို လိုက်မလား၊ Public Health လိုက်မလား၊ Haematology လိုက်မလား၊ Cardiology လိုက်မလား၊ Radiology စသဖြင့် စဉ်းစားကြပါ။

ယခုသင်တန်းကို အထက်မြန်မာပြည်နှင့် အောက်မြန်မာပြည် တပြိုင်တည်းဖွင့်လှစ်ပြီး သင်တန်းသား(၁,၁၈၀)ဦးခန့် တက်ရောက်မှာ ဖြစ်ပါတယ်။ (၉-၁၀-၂၀၁၇)မှ (၁-၁၂-၂၀၁၇)ထိ ရက်သတ္တပတ် (၈)ပတ် ကြာဖွင့်လှစ်သွားမည်ဖြစ်ပြီး သင်တန်းသားသင်တန်းသူ (၆၄၃)ဦး တက်ရောက်ခဲ့ကြပါတယ်လို့ သိရပါတယ်။ သင်တန်းပြီးဆုံးအောင် တက်ရောက်အောင်မြင်သူများကို သင်တန်းဆင်းလက်မှတ်နှင့် တာဝန်ထမ်းဆောင်ရမည့် အမိန့်စာများ ထုတ်ပေးသွားမှာဖြစ်ပါတယ်။

သင်တန်းသား/သင်တန်းသူ ဆရာဝန်များသည် သာမန်လူများ မဟုတ်တော့ပဲ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ နိုင်ငံ့ဝန်ထမ်း ဆရာဝန်တစ်ဦး၊ ဝန်ထမ်းတစ်ဦးဖြစ်လာကြတော့မှာ ဖြစ်တဲ့အပြင် ပြည်သူများ၏ ကျန်းမာရေးကို စောင့်ရှောက်ပေးရမယ့် ဆရာဝန်များ၊ သင်ကြားပေးမည့် ဆေးပညာရှင်များသည် အလွန်ဂုဏ်ရှိပြီး အများပြည်သူများ ရိုသေလေးစားထိုက်သော ဆေးပညာကျင့်ဝတ်၊ လူ့ကျင့်ဝတ်များနှင့်အညီ လိုက်နာဆောင်ရွက်ကြပါရန် အရေးကြီးပါတယ်။ အဲဒီ နှစ်ခုကိုလိုက်နာ၍ ကျင့်ဝတ်နှင့်လျော်ညီပြီး သက်ဆိုင်ရာဘာသာရပ်ကို ကျွမ်းကျင်ပိုင်နိုင်မှုရှိလျှင် အလွန်အောင်မြင်သော ဝန်ထမ်းဆရာဝန်ကြီးတစ်ဦး ဖြစ်လာမည် ဖြစ်ပါတယ်။

သင်တန်းသားများအနေဖြင့် အနာဂါတ်ကာလတွင် မည်သူ ဘာဖြစ်မည်ဆိုတာကို ဘယ်သူမှ မပြောနိုင်ပါဘူး။ ဘာဖြစ်မည်ဆိုသည်မှာ မိမိအပေါ်၌သာမူတည်ပြီး ဆုံးဖြတ်ချက်မှန်ဖို့ အရေးကြီးပါတယ်။ နောင်တွင် specilist ဆရာဝန်ကြီးများ၊ ပါမောက္ခများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြား ရေးမှူးများ၊ UN, INGO, NGO စသော အဖွဲ့အစည်းများမှာ အကြီးအကဲများ၊ ထင်ပေါ်ကျော်ကြားသူများ ဖြစ်လာနိုင်ပါတယ်။ တက်လမ်းများစွာရှိသောသူများဖြစ်သည့်အတွက် မည်သည့်ကိစ္စကို ဆောင်ရွက်သည်ဖြစ်စေ စည်းစနစ်ကျစွာလုပ်ခြင်း၊ မိမိကိုယ်မိမိ ပြန်လည်ဆန်းစစ်ခြင်း၊ ရည်မှန်းချက်ရှိခြင်း၊ သန့်ရှင်းစွာယှဉ်ပြိုင်တတ်ခြင်း၊ အသင်းအဖွဲ့စိတ်ဓါတ်ဖြင့် အလုပ်လုပ်တတ်ခြင်း၊ တာဝန်ခံမှု၊ တာဝန်ယူမှုရှိစေချင်ပါတယ်။ အဓိကအချက်တစ်ချက်ကတော့ စည်းကမ်းနှင့် ကိုယ်ကျင့်သိက္ခာရှိမှု၊ အထက်အောက်အပြန်အလှန် ရိုသေလေးစား လိုက်နာမှုများရှိခြင်းသည်လည်း အလွန်

အရေးကြီးပါတယ်။ အထက်လူကြီးများကလည်း သမာသမတ်ရှိရပါမယ်။ အားလုံးကိုခြုံငုံပြီး တိုးတက်ရန် အထောက်အကူပြုပေးနိုင်သည့်အချက်ကတော့ နိုင်ငံ တကာသုံးအင်္ဂလိပ်ဘာသာစကားကို ကျွမ်းကျင်စွာရေးနိုင်ခြင်း၊ ပြောနိုင်ခြင်းဖြစ်စေရန်နှင့် အထူးပြုဘာသာရပ်ကို လေ့လာလိုက်စားသည်ဖြစ်စေ စာအမြဲဖတ်ရန်လိုအပ်ပြီး လုပ်ငန်းခွင်သို့ရောက်ရှိသည့်အခါ လူနာများကို ပြုစုကုသပေးရာတွင် လူနာများသည်မိမိ၏ မိဘ၊ ညီအစ်ကိုမောင်နှမ၊ သားသမီးကဲ့သို့သဘောထား၍ ကျင့်ဝတ်နှင့်အညီ ဂရုတစိုက်ပြုစုကုသဆက်ဆံပေးစေချင်ပါတယ်။ သင်တန်းသူ/သင်တန်းသား ဆရာဝန်များအား အဓိကအနေဖြင့် ကုသရေး (clinical)၊ ပြည်သူ့ကျန်းမာရေး (public health)များသို့ တာဝန်ချထားမှာဖြစ်ပါတယ်။ ကုသရေးလိုင်းကို တိုင်းနှင့်ပြည်နယ်ရှိ ဆေးရုံကြီးများ၌ အတွေ့ အကြုံများရရန် တာဝန်ချထားခြင်းဖြစ်ပါတယ်။ clinical လိုင်းကို လေ့လာမည့်သူများသည် စာဖတ်ရန်အတွက် အချိန်ရသည့်အတွက် public health ဖက်ကိုပြောင်းပြီး ကုသသည်ကို တွေ့ရပါတယ်။ သူတို့သည် public health လုပ်ငန်းကို စိတ်ဝင်စားစွာ လုပ်ကိုင်သည်ကို တွေ့ရပါတယ်။ ကျွန်တော်တို့အနေဖြင့် ဤကဲ့သို့မဖြစ်စေလိုပါ။ မဖြစ်စေရန်လည်း ကျွန်တော်တို့ အားလုံးကို မျှမျှတတ အကျိုးရှိစေရန်အတွက် စီမံဆောင်ရွက်မှုများ ပြုလုပ်မည်ဖြစ်ပါတယ်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ရည်မှန်းချက် (၂)ရပ်ဖြစ်သည့် လူတိုင်းသက်တမ်းစေ့ အသက်ရှည်စွာနေနိုင်ရေး၊ လူတိုင်းရောဂါဘယကင်းရှင်းရေး အောင်မြင်စေရန်အတွက် တဖက်ကလည်း ဆေးရုံများအားအရည်အသွေးမြှင့်တင်ပေးခြင်း၊ ခုတင်အဆင့်တိုးပေးခြင်း၊ သင်ကြားရေးဆေးရုံကြီး/ အထူးကုဆေးရုံကြီးများအား အဆင့်မြှင့်တင်ပေးခြင်း ဆောင်ရွက်

လျက်ရှိပါတယ်။ လူနာများကို ကုသပေးရာ၌လည်း လူနာသည်သာ မိမိ၏ မိဘ၊ ညီအစ်ကို မောင်နှမ၊ မိသားစုပုံစံဖြင့် ကုသပေးစေချင်ပါတယ်။ အဲဒါဆိုရင် ကျင့်ဝတ်နှင့်ညီသော ကုသမှုဖြစ်မည်ဖြစ်ပါတယ်။ ကျန်းမာရေးနှင့်အားကစား ဝန်ကြီးဌာန၏ ရည်မှန်းချက်များအောင်မြင်ရန် ဆောင်ရွက်ရာတွင် ရောဂါ ဖြစ်ပွားနှုန်းများ ကျဆင်းစေရန်အတွက်၊ ပြည်သူ့ကျန်းမာရေးကဏ္ဍကို မြှင့်တင် ခြင်း၊ ပြည်သူများကျန်းမာရေးအသိပညာများ မြှင့်တင်ခြင်းများဆောင်ရွက်ရန် လိုအပ်သကဲ့သို့ ရောဂါကြောင့်သေဆုံးရခြင်းများ လျှော့နည်းပြီး ပြန်လည် ကျန်းမာသန်စွမ်းလာနိုင်ရန်အတွက် အရည်အသွေးပြည့်ဝသော ဆေးဝါးကုသမှု များ၊ အရည်အသွေးပြည့်ဝသော သူနာပြုဆောင်ရွက်မှုများ၊ အရည်အသွေး ပြည့်ဝသော ဆေးဝါးပစ္စည်းများထောက်ပံ့ပေးမှု၊ အရည် အသွေးပြည့်ဝသော ဓါ တ်ခွဲ၊ ဓါတ်မှန်များနှင့် ရောဂါရှာဖွေရေး နည်းစနစ် များစသည်များတို့အပေါ် မူတည်၍ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် ပြည်သူများ၏ ကျန်းမာ ရေးစောင့်ရှောက်မှုပေးရာတွင် အလုပ်တာဝန် အလွန်များပြားပြီး၊ ၂၀၁၆ ခုနှစ်တွင် ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ ပြင်ပလူနာ (၉)သန်းကျော်နှင့် အတွင်း လူနာ (၂.၆)သန်းကျော်ကို ကုသစောင့်ရှောက်မှုပေးခဲ့ရပါတယ်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများတွင် လက်ရှိတာဝန်ထမ်းဆောင်နေသော အရာထမ်းပေါင်း (၁၅,၅၃၆) ဦး၊ အမှုထမ်း ပေါင်း (၈၈,၅၉၄)ဦး စုစုပေါင်း (၁၀၄,၁၃၀)ဦးခန့် ရှိပါတယ်။ နိုင်ငံတော် အနေဖြင့် အဆိုပါဝန်ထမ်းများအတွက် လစဉ်လစာ (၁၇.၅) ဘီလီယံကျပ်ခန့်၊ တစ်နှစ်လျှင် (၂၁၁) ဘီလီယံကျပ်ခန့် ထောက်ပံ့ပေးပြီး၊ တစ်နိုင်ငံလုံးတွင် ဆေးရုံပေါင်း (၁,၁၃၄)ရုံနှင့် ယခုအလုပ် ဝင်ရောက်လာသော ဆရာဝန်သစ်လွင်

များကိုလည်း ကျေးလက်ဒေသများသို့ တိုက်ရိုက်စေလွှတ်ခြင်းမပြုဘဲ၊ ဗဟို အဆင့်ဆေးရုံကြီးများနှင့် တိုင်းဒေသကြီး/ပြည်နယ် ဆေးရုံကြီးများတွင် လက်တွေ့ဆေးပညာရပ်များ သင်ယူလေ့လာနိုင်ရန် တာဝန်ချထား ပေးမှာဖြစ ်ပါတယ်။ ပြည်တွင်း ဘွဲ့လွန်သင်တန်းများအနေဖြင့် မဟာဘွဲ့ သင်တန်းများ တွင် ၂၀၁၇ ခုနှစ်တွင် (၇၇၆)ဦး၊ ၂၀၁၈ ခုနှစ် တွင် (၉၇၁)ဦး၊ ၂၀၁၉ ခုနှစ်တွင် (၉၆၀)ဦးနှင့် ၂၀၁၈ခုနှစ် ပညာသင်နှစ်တွင် လည်း ဘွဲ့လွန်ဒီပလိုမာ (၁၁)မျိုး၊ မဟာသိပ္ပံ(၅၈)မျိုး၊ ဆေးလက်တွေ့ အခြေခံပါရဂူ (၈)မျိုး၊ သွားဘက်ဆိုင်ရာ ဆေးလက်တွေ့ အခြေခံပါရဂူ (၁)မျိုး၊ ဆေးလက်တွေ့ပါရဂူ (၃၅)မျိုး၊ သွားဘက် ဆိုင်ရာ ဆေးလက်တွေ့ပါရဂူ (၈)မျိုး၊ ဆေးဝါသိပ္ပံပါရဂူ (၄)မျိုး၊ သူနာပြုသိပ္ပံ (၁)မျိုး စုစုပေါင်း ပညာရပ်ဆိုင်ရာဘွဲ့လွန်သင်တန်း (၁၂၆)မျိုး ဖွင့်လှစ်သွားရန် စီစဉ်ထားပါတယ်။ နိုင်ငံတကာသို့ ပါရဂူဘွဲ့၊ မဟာဘွဲ့သင်တန်း၊ ဆွေးနွေးပွဲများ ကိုလည်း စေလွှတ်နေပါတယ်။ ၂၀၁၆ ခုနှစ်ဧပြီလမှ ၂၀၁၇၊ ဩဂုတ်လအထိ နိုင်ငံတကာသို့ အလုပ်ရုံဆွေးနွေးပွဲများ တက်ရောက်သူဦးရေ (၂,၁၄၆)ဦး၊ (၆)လ အောက်သင်တန်းသို့ တက်ရောက်သူမှာ (၃၉၀)ဦး၊ (၆)လအထက် သင်တန်း သွားရောက်သူ (၃၈)ဦး၊ မဟာဘွဲ့ကျောင်းသား (၇၀)ဦး၊ ပါရဂူဘွဲ့သင်တန်း (၃၅)ဦးခန့်ကို စေလွှတ်ထားပါတယ်။ အဆိုပါ ဘွဲ့လွန်ပါရဂူများ မဟာဘွဲ့ရ ပညာရှင်များ မွေးထုတ်ပြီးရင် ပြည်သူများအတွက် အရည်အချင်းပြည့်ဝသော ဆရာဝန်များမှ အရည်အသွေးပြည့်ဝသော ကုသစောင့်ရှောက်မှုများ ပိုမိုပေးနိုင် မှာဖြစ်ပါတယ်။ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတစ်ခုတည်းအနေဖြင့် ဆောင်ရွက်နေခြင်းမဟုတ်ဘဲ နိုင်ငံ တကာအစိုးရမဟုတ်သော အဖွဲ့အစည်း(၇၄)ခု၊ တက္ကသိုလ်ပေါင်း (၇၄)ခုခန့်နှင့်

နားလည်မှုစာချွန်လွှာရေးထိုး ဆောင်ရွက်လျက်ရှိပါတယ်။ ကုလသမဂ္ဂအဖွဲ့ အစည်းများနှင့်လည်း လက်တွဲဆောင်ရွက်လျက်ရှိပြီး ယခု သစ်လွင်ဆရာဝန် များအနေဖြင့်လည်း မည်သည့်နေရာမှ ပါဝင်ဆောင်ရွက်ကြမည်ကို ကြိုတင် စဉ်းစားထားစေချင်ပါတယ်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ Internet Website တွင် ဝင်ရောက်ကြည့်ရှုစေချင်ပါတယ်။ ယခုအချိန်ဟာ ပြောင်းလဲချိန် တန်ပြီဆိုသည့် အခါသမယဖြစ်ပါ၍ တိုင်းပြည်တိုးတက်ရန် ကောင်းသည့် ဘက်သို့ပြောင်းလဲ ရမည်ဖြစ်ကြောင်း ပြောင်းလဲရာတွင် အဆင့်အလိုက် ပြောင်းလဲရပါမယ်။ ဆန်းသစ်တီထွင်ဖောက်ထွက် တွေးခေါ်ခြင်းများကိုလည်း ဆောင်ရွက်ရမည် ဖြစ်ပြီး လုပ်ငန်းများဆောင်ရွက်ရာတွင် လုပ်ရိုးလုပ်စဉ်ဆောင်ရွက်ခြင်းထက် ပြောင်းလဲနေသော အခြေအနေအချိန်အခါနှင့်အညီ ချည်းကပ်ပုံ၊ ချည်းကပ်နည်း အသစ်များဖြင့် ဆောင်ရွက်ရမည်ဖြစ်ပါတယ်။ သုတေသနအမြင်ဖြင့် ကြည့်ရှု ဆောင်ရွက်ခြင်း၊ ဆေးပညာကျင့်ဝတ်ပညာရှင်ဆန်မှုနှင့် ပေါင်းသင်းဆက်ဆံရေး ကျွမ်းကျင်မှု၊ မိမိကိုယ်မိမိပြန်လည်ဆန်းစစ်မှု စသည့်အချက်များ လိုအပ် ပါတယ်။

နိုင်ငံတော်အတိုင်ပင်ခံ ပြောကြားသည်ကတော့ ကျွန်တော်တို့ နိုင်ငံသည် အခြားနိုင်ငံများကို မှီအောင်ဆိုလို့ရှိရင် အခြားနိုင်ငံတွင် လမ်းလျှောက်နေတဲ့ အချိန်မှာ ကျွန်တော်တို့နိုင်ငံက ပြေးလိုက်မှ မှီနိုင်မှာ ဖြစ်ပါတယ်။ ဒီလိုပြေးရင် တောင် နှစ် (၂၀)လောက်ကြာမှ မှီမှာဆို ဖြစ်ပါတယ်။ ဆိုလိုတာက ပြေးပြီး အပင်ပန်းခံဆောင်ရွက်ကြမှ အခြားနိုင်ငံများကို မှီမှာဖြစ်ပါတယ်။ **"နိုင်ငံ တစ်နိုင်ငံ၏ ဖွံ့စည်းပုံတစ်ခု၊ လုပ်ငန်းတစ်ခု အောင်မြင်ရန် အခြေခံအကျဆုံး**

**လိုအပ်ချက်သည် တာဝန်သိစိတ်ပင် ဖြစ်ပါတယ်။ တာဝန်သိစိတ်မရှိဘဲ မိမိ ရနိုင်သည့် အခွင့်အရေးကိုသာ ကြည့်နေပါက မည်သည့်လုပ်ငန်းမှ အောင်မြင်မည် မဟုတ်သကဲ့သို့ မည်သည့်အဖွဲ့အစည်းမှ ရေရှည်ရပ်တည်နိုင်မည် မဟုတ်ပါကြောင်း"** ကျန်းမာရေးလောကအတွက် အထူးအရေးကြီးပါတယ်။

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုတာကတော့ လူနာများအပေါ် မေတ္တာ၊ စေတနာ၊ ဂရုဏာ၊ ကိုယ်ချင်းစာတရားများကို ဆရာဝန် ကျင့်ဝတ်နှင့်အညီ ပြုစုစောင့်ရှောက်ပါရန်နှင့် စိတ်သဘောထားပြည့်ဝ၍ ဆရာဝန်ကျင့်ဝတ်ကို အမြဲလိုက်နာထိန်းသိမ်းပြီး ထူးချွန်ထက်မြက်သည့် ဆရာဝန်ကောင်းများဖြစ်ကြ ပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။

အားလုံးကို ကျေးဇူးတင်ပါတယ်။